**ASEAN PARLIAMENTARIANS FOR HUMAN RIGHTS**

# မြန်မာနိုင်ငံအတွင်းရှိ ရခိုင်ဒေသတွင်ဖြစ်ပွားနေသောရက်စက်သည့်လုပ်ရပ်များကို ဖြေရှင်းရန် နိုင်ငံတကာစုံစမ်းစစ်ဆေးမှုများ လိုအပ်နေဆဲ

ဂျကာတာ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်။ လူ့အခွင့်အရေးဆိုင်ရာ အရှေ့တောင်အာရှ လွှတ်တော်အမတ်များအဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မြန်မာစစ်တပ်၏ သောင်းကျန်းမှု ချေမှုန်းရေးများကို ရပ်တန့်မှုနှင့်စပ်လျဉ်းသည့် အစီရင်ခံစာများကို ကြိုဆိုပါသည်။ သို့သော်လည်း အဆိုပါ စစ်တပ်စစ်ဆင်ရေးဆောင်ရွက်ခဲ့မှုများအတွင်း ဖြစ်ပေါ်ခဲ့သည်ဟု စွပ်စွဲထားသည့် အကြမ်းဖက်လုပ်ရပ်များအပေါ် လွတ်လပ်သည့် စုံစမ်းစစ်ဆေးမှုတစ်ရပ်ပြုလုပ်ရန် လိုအပ်နေသေး ကြောင်း ပြောကြား လိုက်ပါသည်။

" အဆိုပါစစ်ဆင်ရေးများ ရပ်တန့်အဆုံးသတ်ရန် ကြေညာလိုက်သော်လ ည်း မြန်မာအစိုးရအနေဖြင့် ပြည်သူလူထုကို ကာကွယ်ရန်နှင့် အဆိုပါနိုင်ငံသားများအနေဖြင့် နှိပ်စက်ညှင်းပန်းမှုမခံရရေးအတွက် တာဝန်ရှိနေဆဲဖြစ်ပါတယ်။ မိမိတို့အနေဖြင့် လူသားချင်းစာနာထောက်ထားမှုကိစ္စအတွက် ဆွေးနွေး နေကြခြင်းဖြစ်ပြီး အာဆီယံဒေသအတွင်းတွင် ယခင်ကဆွေးနွေးနေကြ ကိစ္စတစ်ရပ်မဟုတ်ပါဘူး " ဟု APHR အဖွဲ့၏ဉက္ကဋ္ဌဖြစ်သူ၊ မလေးရှားလွှတ်တော်အမတ် Chairperson Charles Santiago ကပြောကြားခဲ့ပါသည်။

ဖေဖော်ဝါရီလ (၁၅) ရက်နေ့က မြန်မာနိုင်ငံ၏ အမျိုးသားလုံခြုံရေးအကြံပေး အဖြစ် အသစ်ခန့်အပ် ခံရသည့် ဦးသောင်းထွန်းက ရခိုင်ပြည်နယ်အတွင်း တွင် ယခင်နှစ် အောက်တိုဘာလ (၉) ရက်နေ့က လုံခြုံရေးစခန်းများကို တိုက်ခိုက်ခဲ့မှုအပေါ် ပြန်လည်စစ်ဆင်မှုအေ နဖြင့် လွန်ခဲ့သည့်လေးလက

စတင်ကာဆောင်ရွက်ခဲ့သည့် နှိမ်နင်းချေမှုန်းရေးလုပ်ငန်းကို မြန်မာစစ်တပ်အနေဖြင့် ရပ်တန့်လိုက်ပြီ ဖြစ်ကြောင်း ကြေညာခဲ့သည်။

"ဒေသတွင်းနှင့် နိုင်ငံတကာအနေဖြင့် ယခုကဲ့သို့စစ်ဆင်ရေးရပ်တန့်မှုကို အခွန့်ရှည်တည် တံ့စေရန် ဖိအား ပေးရပါမယ်။ မိမိတို့၏တာဝန်မှာ အဆုံးမသတ်သေးဘဲ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် အရေးယူ အပြစ်ဒဏ်ပေ းခံရရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ အများယုံကြည်လက်ခံပြီး လွတ်လပ်တရားမျှတသော စုံစမ်းစစ်ဆေးမှုတစ်ရပ်ကိုလုပ်ဆောင်ရန် လိုအပ်ပြီး ယင်းကဲ့သို့ လုပ်ဆောင်ရန် မြန်မာအာဏာပိုင်များ အနေဖြင့် လုပ်ေ ဆာင်လိုခြင်းမရှိခဲ့ (သို့မဟုတ်) အကောင်အထည် မဖော်နိုင်ခဲ့ပါ။" ဟု Santiago ကပြောကြားခဲ့သည်။

ဖေဖော်ဝါရီလ (၃) ရက်နေ့ကထုတ်ပြန်ခဲ့သည် ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) ၏ အစီရင်ခံစာတွင် ရခိုင်ဒေသအတွင်း လူသားချင်းစာနာမှုဆိုင်ရာပြစ်မှုများနှင့် တိုင်းရင်းသား မျိုးတုန်းမှုများဖြစ်ပေါ်ခဲ့သည်ဟု အခိုင်အမာဖော်ပြထားပါသည်။ အဆိုပါနှိမ်နင်းမှု စတင်ချိန်မှစတင်ပြီး ရခိုင်ပြ ပည်နယ်အတွင်းရှိအိုးအိမ်များကို စွန့်ခွာထွက်ပြေးလာသည့် ဘင်ဂလားဒေရှ့်နိုင်ငံရှိ ရိုဟင်ဂျာ (၇၀၀၀၀) အနက် လူ (၂၀၀) ခန့်အား တွေ့ဆုံမေးမြန်းမှု အပေါ် အခြေခံထားသည့် အဆိုပါအစီရင်ခံစာတွင် သတ်ဖြတ် မှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများနှင့် လိင်ပိုင်း ဆိုင်ရာအကြမ်းဖက်မှုများကို ဖော်ပြထားပါသည်။

"ကုလသမဂ္ဂ၏အစီရင်ခံစာတွင် ဖော်ပြထားတဲ့ လူသားချင်းစာနာမှုဆိုင်ရာပြစ်မှုများနှင့် တိုင်းရင်းသား မျိုးတုန်းမှုများဖြစ်ပေါ်နိုင်ချေရှိခဲ့တယ် ဆိုတဲ့အချက်ေ တွဟာ လပေါင်းများစွာ အကြာ လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် လွတ်လပ်တဲ့သတင်းမီဒီယာတွေအနေနဲ့ စွပ်စွဲပြောဆိုချက်တွေ အတိုင်းဘဲ ဖြစ်ပါတယ်။ အဲ့ဒီကိစ္စတွေဟာ အရမ်း ကိုလေးနက်ပြီး ဖြစ်ပေါ်ခဲ့တယ်ဆိုတဲ့ချက်ဟာလဲ ယုံကြည်ရ လောက်ပါတယ်။ အဲ့ဒီကိစ္စတွေကို လွတ်လပ်မျှတစွာနဲ့ ေ သသေချာချာ စုံစမ်းစစ်ဆေးဖို့ လိုအပ် ပါတယ်။ မြန်မာနိုင်ငံအစိုးရ အနေနဲ့ ဒီလိုစုံစမ်းစစ်ဆေးရာမှာ တစ်ဦးတည်းဆောင်ရွက်ဖို့ မဖြစ်နိုင် တဲ့

အတွက် ဒီလုပ်ငန်းစဉ်မှာ နိုင် ငံတကာရဲ့ပါဝင်မှုက အလွန်အရေးပါပါတယ်။ " ဟု Santiago က ပြောကြားခဲ့သည်။

" လူ့အခွင့်အရေးဆိုင်ရာ အကြမ်းဖက်လုပ်ရပ်များအပေါ် ပြ မန်မာအစိုးရရဲ့ အကြိမ်ကြိမ်ငြင်းဆို ချက်တွေက နေပြည်တော်မှာရှိတဲ့ မြန်မာအစိုးရအနေနဲ့ ဒီပြဿနာတွေအပေါ်မှာ စိတ် ဝင်စားမှုမရှိဘူး (သို့မဟုတ်) မဖြေရှင်းနိုင်ဘူး လို့ဖော်ပြနေပါတယ်။ တကယ်လက်တွေ့မှာ လုံခြုံရေး အဖွဲ့တွေအနေနဲ့ စုံစမ်းစစ်ဆေးမှုတွေကို သူတို့ကိုယ် တိုင်ဘဲပြုလုပ်နေပြီး နိပ်စက်ညှဉ်းပန်း မှု ကျူးလွန်သူ တွေရဲ့အရင်းခံဇစ်မြစ်ကို သူတို့ကိုယ်တိုင်ကဘဲ ဖြေရှင်းဖော်ထုတ်နေတာဖြစ်ပါတယ်။ လွတ်လပ်ပြီး တရား မျှတတဲ့၊ ဘက်လိုက်မှုကင်းတဲ့ ကြိုးပမ်းမှုတစ်စုံတစ်ရာ မရှိသေးပါဘူး "

ပိုလ်ချုပ်ကြီးဟောင်းတစ်ဦးဖြစ်သည့် ဒုတိယသမ္မတ ဦးမြင့်ဆွေဦးဆောင်သော မြန်မာနိုင်ငံအစိုး ရ၏ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များသည် ဖေဖော် ဝါရီလ (၁၄) ရက်နေ့တွင် ကုလသမဂ္ဂ၏ အစီရင်ခံစာတွင်ပါရှိသည့် လူ့အခွင့်အရေးဆိုင်ရာ အကြမ်းဖက်မှုများနှင့်စပ်လျဉ်းသော စွပ်စွဲပြောဆို ချက်များကို အခိုင်အမာငြင်းဆိုခဲ့ကြသည်။ အဆိုပါမှတ်ချက်သဘောထားများမှာ ကော်မရှင်၏ ယခင် ထုတ်ပြန်ကြေညာချက်များ၊ အစီရင်ခံစာများနှင့် အခြားအစိုးရအဖွဲ့အစည်းများ၏ သဘောထား အတိုင်းသာ ဖြစ်ပါသည်။

APHR အဖွဲ့အနေဖြင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စများကို ကိုင်တွယ်ဖြေရှင်းရာတွက် မြန်မာအစိုးရအား ပိုမိုတွန်းအားပေးကူညီဆောင်ရွက်ရေးအတွက် ဒေသတွင်းရှိအစိုးရများအား တိုက်တွန်းလိုပါသည်။ ဖေဖော်ဝါရီလ (၃) ရက်နေ့တွင်ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂ၏အစီရင်ခံစာတွင် ပါရှိသည့်ကိစ္စများကို စုံစမ်းဖော်ထုတ်ရန် စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းရေးအပါအဝင် လုပ်ငန်းများကို ကုလသမဂ္ဂအနေဖြင့် ဆက်လက်ဆောင်ရွက်သွားရေးအတွက် လွှတ်တော်အမတ်များက တောင်းဆို လိုက်ပါသည်။

ရခိုင်ပြည်နယ်အတွင်းရှိကိစ္စရပ်များအပေါ်တွင် [redacted] မန်မာအစိုးရ၏လုပ်ဆောင်ချက်များမှာ အခြား ဒေသတွင်းနိုင်ငံများအပေါ်တွင်လည်း သက်ရောက်မှုရှိသည့်အတွက် အာဆီယံဒေသတွင်းရှိ အစိုးရ အာဏာပိုင်များအနေဖြင့် စုံစမ်းစစ်ဆေးမှုကို ထောက်ပံ့ ကူညီရန်နှင့် ရိုဟင်ဂျာများ၏အခြေအနေများ တိုးတက်စေရန်အတွက် ဆောင်ရွက်ရန် လွှတ်တော်အမတ်များက တောင်းဆိုလိုက်ပါသည်။

"အာဆီယံအစိုးရအဖွဲ့များအနေဖြင့် အချိန်မနှောင်းခင် အခြေအနေကို ဖြေရှင်းနိုင်ရန်အတွက် အတူတကွလုပ်ဆောင်ရန်လိုအပ်ပါတယ်။ ခါတိုင်းလို ပုံမှန်အာဆီယံလမ်းကြောင်းအတိုင်း လုပ်ဆောင် ရမှာ မဟုတ်ဘဲ အပြောင်းအလဲလုပ်ဖို့အတွက် တွန်းအားပေးရမှာဖြစ်ပါတယ် " ဟု Santiago က ပြောကြားခဲ့သည်။

" ဒီကိစ္စကို နိုင်ငံတကာအရေးကိစ္စအနေနဲ့ဆောင်ရွက်ဖို့ အချို့အာဆီယံခေါင်းဆောင်တွေက ညည်းညူ ကြတယ်လို့သိရတာ စိတ်ပျက်မိပါတယ်။ ဒီကိစ္စဟာ ပြည်တွင်းရေးကိစ္စတစ်ခုမဟုတ်ဘဲ ဒေသတွင်း ကိစ္စတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ဒေသတွင်းတုန့်ပြန်ချက်ကိုလည်းလိုအပ်နေတာဖြစ်ပါတယ်။"